# အခမဲ့ Online ပညာရေးသင်တန်းများ



အမေရိကန်ပြည်ထောင်စု၊ ယူတာပြည်နယ်၊ လိုဂင်မြို့မှာရှိတဲ့ computer တစ်လုံးထဲမှာ Utah State University က သင်တန်းအမျိုးအစားပေါင်း ၈၀ ကျော် ရဲ့ သင်ရိုးညွှန်းတမ်းတွေ၊ lecture မှတ်စုတွေ၊ ပုစ္ဆာတွေနဲ့ စာမေးပွဲတွေ အကြောင်းထည့်ထားပါတယ်။ ဒါပေမဲ့ hacker တွေနဲ့ ခိုးကူးသမားတွေရဲ့ လျှို့ဝှက်လိမ်ညာထားတဲ့ website တော့ မဟုတ်ပါဘူး။ ဘီလ်ဂိတ် ကနေစပြီး internet နဲ့ ချိတ်ဆက်နိုင်တဲ့ ဘယ်သူမဆို စရိတ်မကုန်ဘဲဖွင့်ပြီး download လုပ်နိုင်တဲ့ website တစ်ခုဖြစ်ပါတယ်။

Website ရဲ့နာမည်က Utah State OpenCourse-Ware ဖြစ်ပြီး၊ website လိပ်စာက http://ocw.usu.edu ဖြစ်ပါတယ်။ ဒါဟာ OpenCourseWare (OCW) ကွန်ရက်ရဲ့ အစိတ်အပိုင်းတစ်ခုသာဖြစ်ပြီး OCW ကွန်ရက်ဆိုတာ ကမ္ဘာတစ်ဝန်းက အဆင့်မြင့်ပညာရေးကို လမ်းဖွင့်ပေးဖို့ မြှုပ်နှံပြီးဆောင်ရွက်နေတဲ့ ပညာရေးအရင်းအမြစ်ဆိုင်ရာ လှုပ်ရှားမှုရဲ့ တစ်စိတ်တစ်ဒေသ ဖြစ်ပါတယ်။

Massachusetts Institute of Techology(MIT) က ပထမဆုံး OC Wwebsite ကို ၂၀၀၀ခုနှစ်မှာ တည်ထောင်ခဲ့တာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုမှာ ရှိတဲ့ Harvard နဲ့ Stanford ၊ ဗြိတိန်မှာရှိတဲ့ Oxford နဲ့ Cambridge တို့လိုမျိုး ထိပ်သီးကျောင်းတွေ အပါအဝင် ကျောင်းတွေက ၂၀၀၀ခုနှစ်ကနေစပြီး သူတို့ရဲ့ platform တွေ၊ ကိုယ်ပိုင် website တွေကနေတစ်ဆင့် ပညာရေးဆိုင်ရာ စာရွက်စာတမ်းတွေကို ဖြန့်ချိလာကြပါတယ်။ အဲဒီ platform တွေက iTunes U နဲ့ Youtube.com/edu တို့လိုမျိုး platform တွေ ဖြစ်ပြီး ကိုယ်ပိုင် website တွေကတော့ Open Yale Courses လိုမျိုး website တွေ ဖြစ်ပါတယ်။

MIT စီမံကိန်းကို အခြေခံပြီး OCW အဖွဲ့အစည်း ပေါ်လာတာဖြစ်ပါတယ်။ OCW အဖွဲ့မှာ ကမ္ဘာတစ်ဝန်းလုံးက တက္ကသိုလ်ကျောင်းပေါင်း ၂၀၀ ကျော်ပါပြီး သင်တန်းပေါင်း ၁၃,၀၀၀ ကျော်အတွက် စာအုပ်စာတမ်းတွေကို ပေးထားပါတယ်။ အဲဒီမှာပါတဲ့ တချို့သင်တန်းတွေကို တခြားနေရာတွေမှာ သင်ကြားမယ်ဆိုရင် တစ်နှစ်ကို ကျောင်းလခ ဒေါ်လာ ၁၅,၀၀၀ လောက် ကုန်ကျမှာဖြစ်ပြီး OCW မှာတော့ အဲဒီသင်တန်းတွေကို အခမဲ့မဟုတ်ပေမယ့် ကုန်ကျစရိတ်နည်းနည်းနဲ့ သင်ကြားနိုင်အောင် စီစဉ်ပေးပါတယ်။

ဒီလှုပ်ရှားမှုရဲ့ အခြေခံသဘောတရားက သတင်းအချက်အလက်တွေကို လွတ်လပ်စွာ ဝေမျှသုံးစွဲရေး ဖြစ်ပါတယ်။ ဒါပေမယ့် တချို့စာအုပ်စာတမ်းတွေအတွက် အခကြေးငွေပေးရတာလည်း ရှိနိုင်ပါတယ်။ စီးပွားပျက် ကပ်ကြောင့် တက္ကသိုလ်တွေရဲ့ အသုံးစရိတ်ငွေ ကျပ်တည်းလာပြီး သင်တန်းအစီအစဉ်တွေအတွက် အားလျော့စရာလည်း ဖြစ်လာနိုင်ပါတယ်။

သက်တမ်း ၄ နှစ်ရှိပြီဖြစ်တဲ့ ယူတာပြည်နယ်ရဲ့ OCW အစီအစဉ်မှာ ပြီးခဲ့တဲ့နှစ်က စာဖတ်သူပေါင်း ၅၅၀,၀၀၀ ရှိခဲ့တာကြောင့် အမေရိကန်ပြည်ထောင်စုရဲ့ လူကြိုက် အများဆုံး website တစ်ခု ဖြစ်လာခဲ့ပါတယ်။

ဒါပေမယ့် OpenCourse စာအုပ်စာတမ်းတွေနဲ့ပတ်သက်ပြီး Academic Earth လိုမျိုး စီးပွားရေးအရ ဆောင်ရွက်တဲ့ website တွေလည်း ပေါ်လာပါတယ်။ ရုတ်တရက်တွေးကြည့်ရင်တော့ အခမဲ့ပေးတယ်ဆိုတဲ့နေရာကနေ ဝင်ငွေရအောင် လုပ်တာက နည်းနည်းတော့ကိုးရိုးကားရားနိုင်ပါတယ်။ ဒါပေမယ့် တချို့ပုဂ္ဂိုလ်တွေကအခမဲ့စနစ်နဲ့ ငွေယူတဲ့စနစ် ၂ မျိုး ပေါင်းစည်းထားတာကို ထောက်ခံကြပါတယ်။ အားလုံးကို အလကားပေးနေရင် ပါမောက္ခတွေနဲ့ တက္ကသိုလ်တွေက ဘာနဲ့သွားစားကြမလဲလို့ မေးစရာဖြစ်နေတာကြောင့် ဖြစ်ပါတယ်။



တချို့ကလည်း ဘာအတွက်ကြောင့် ကျောင်းသားတွေ တက္ကသိုလ် သွားတက်သလဲဆိုတာကို ကြည့်ရင်တော့ အဖြေကို သိနိုင်တယ်လို့ ပြောကြပါတယ်။ OCW ကနေ ပေးနိုင်တာက တက္ကသိုလ်အတွေ့အကြုံ အပြည့်အဝမဟုတ်ပါဘူး။ Johns Hopkins University မှ ပညာရှင်တစ်ဦးက 'သင်တန်းတစ်ခုလုံးကို အခမဲ့ပေးတာ မဟုတ်ပါဘူး၊ စာအုပ်စာတမ်းတွေကိုသာ အခမဲ့ပေးတာပါ'လို့ ပြောပါတယ်။

'ကျောင်းသားတွေ တက္ကသိုလ်ကျောင်းမှာ ကျောင်းတက်ရတဲ့အကြောင်းက ဆရာတွေနဲ့အပြန်အလှန် ပြောဆိုဆက်ဆံချင်လို့၊ ကျောင်းသားအချင်းချင်း ပြောဆိုဆက်ဆံချင်လို့ပါ။ ဒီလို အတွေ့အကြုံကို OCW မှာ မရနိုင်ဘူး' လို့ အဲဒီပညာရှင်က ပြောပါတယ်။

ပြောရရင် OCW က ထောက်ခံစာ လက်မှတ်၊ ဒါမှမဟုတ် degree ကို မပေးနိုင်သေးပါဘူး။ နောင်တွင်တော့ ပေးချင်ပေးလာနိုင်တယ်။ ယူတာပြည်နယ်မှာ ရန်ပုံငွေ မပြတ်လပ်သေးခင်က ကျောင်းသားတစ်ယောက် OCW သင်တန်းတစ်ခုတက်ပြီး စာမေးပွဲအောင်ခဲ့ရင် လက်မှတ်ထုတ်ပေးဖို့ စီစဉ်ခဲ့ပါသေးတယ်။

ယူတာပြည်နယ် OCW website ကို လစဉ်ဝင်ရောက် ၅၀ ပေးသွင်းခဲ့ရင် OCW အနေနဲ့ အရှည်သဖြင့် ရပ်တည်နိုင်စွမ်းရှိမယ်လို့ သိရတယ်။

ဩစတြေးလျနိုင်ငံ University of Southern Queensland ကလည်း အလားတူလုပ်ငန်းအစီအစဉ်မျိုး လုပ်ကိုင်လျက်ရှိပါတယ်။ စာသင်ခန်းမှာ ပါမောက္ခတွေက ကျောင်းသားတွေနဲ့ ဆောင်ရွက်သလိုမျိုး အပြန်အလှန် ပြောဆိုဆက်ဆံနိုင်တဲ့ ပုံစံမျိုးဖြစ်ဖို့ online ဆောင်ရွက်ပေးချင်နေပါတယ်။ ဒါဆိုရင် ကျောင်းသားတွေက စရိတ်ကျဉ်းကျဉ်းနဲ့ ကျောင်းအိပ်ကျောင်းစား၊ ဒါမှမဟုတ် အဝေးသင်ပညာရေး ပုံစံမျိုးကို ထိတွေ့သင်ကြားနိုင်မှာဖြစ်ပါတယ်။

University of Southern Queensland အနေနဲ့ OCW မှာ ပါဝင်မလုပ်ဆောင်မီကတည်းက အဝေးသင် သင်ကြားရေး အစီအစဉ်တစ်ရပ် တည်ထောင်ခဲ့ပြီး ဖြစ်ပါတယ်။ OCW သင်ကြားရေးသင်ရိုးတွေက online နဲ့ အဝေးသင် သင်ကြားမှုအတွက် သီးခြားရေးဆွဲထားတာဖြစ်လို့ လွတ်လပ်စွာ သင်ကြားတဲ့ပုံစံအတွက် အလွန်အဆင်ပြေတဲ့ အခြေအနေဖြစ်ပါတယ်။

လက်ရှိ အဝေးသင်အစီအစဉ်ကို လုပ်ဆောင်နေတဲ့ ကျောင်းတွေက အခကြေးငွေနဲ့ သင်ကြားနေတဲ့ ကျောင်းသားရှိမ်ပြီး အခမဲ့တက်ရောက်နိုင်တဲ့ သင်တန်းဖွင့်ဖို့ကိစ္စကို လုပ်ချင်ကြမှာမဟုတ်ပါဘူး။




ယူတာပြည်နယ် Brigham Young University က တွေ့ရှိချက်အရ ဒီလို စိုးရိမ်ပူပန်ခြင်းမျိုးကို ချေးသိပ်နိုင်လိမ့်မယ်လို့ သိရပါတယ်။ ၄ လအတွင်း website ကို ဝင်ရောက်သူ ပေါင်း ၁၄,၀၀၀ ခန့်ထဲမှာ ၃၅၈ ဦးက Brigham Young သင်တန်းကို စာရင်းသွင်းကာ ငွေပေးသွင်းခဲ့ကြပါတယ်။ ဒါပေမဲ့ ငွေပေးသူ ကျောင်းသားတွေက OCW မှာ ထိထိရောက်ရောက် သင်ကြားရမယ်ဆိုတဲ့ ကန့်သတ်ချက်သာ ရှိခဲ့ရင်တော့ အမှန်တကယ် စာရင်းသွင်းမှာလား၊ မသွင်းဘူးလား ဆိုတာကို မပြောနိုင်ပါဘူး။

ကျောင်းတွေက online စာအုပ်စာတမ်းတွေ ရရှိနိုင်ဖို့ နည်းလမ်းမျိုးစုံ အသုံးပြုလျက်ရှိကြပါတယ်။ ဥပမာ–တချို့က သူတို့ရဲ့ online သင်တန်းအစိတ်အပိုင်းတွေအတွက်ပဲ စာအုပ်စာတမ်း ထုတ်ဝေတာပါ။ Erasmus University ကဆိုရင် ကျောင်းသားအသစ် ရရှိဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အထူးစီစဉ်ထားတဲ့ lecture တွေကို online မှာတင်ထားပါတယ်။

လွတ်လွတ်လပ်လပ် အသုံးပြုခွင့်ပေးထားတဲ့ စာအုပ်စာတမ်းတွေ ပေါ်ထွက်လာတာက အသိပညာဖြန့်ဖြူးချင်တဲ့



ပရဟိတစိတ်ဆန္ဒကို အရင်းခံပေါ် ထွက်လာဖြစ်တယ်လို့ ပြောကြပါတယ်။ ဒါပေမယ့် ကျောင်းကြီးကျောင်းကောင်း တွေကတော့ သူတို့ရဲ့ အခန့်သားပုံရိပ်ကို ထိန်းသိမ်းဖို့ အား ထုတ်ကြတာပဲဖြစ်ပါတယ်။

'ကျွန်တော်တို့ဟာ သတင်းအချက်အလက်လုပ်ငန်းကို လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ ပညာသင်ကြားရေးဘက်ကကြည့်ရင် ကိုယ်ဟောပြောနေတဲ့အချိန်မှာ နားထောင်တဲ့သူများချင်သလောက် များတာကောင်းပေမယ့် စီးပွားရေးဘက်ကြည့်ရင်တော့ လူသန့်သန့်ကလေး ဖြစ်နေမှကောင်းပါတယ်' လို့ Tuck School of Business ပါမောက္ခတစ်ဦးက ပြောပါတယ်။

'နည်းနည်းရှုပ်ရှုပ်ထွေးထွေးဖြစ်နေပြီး ဆောင်ရွက်ရခက်တဲ့ ကိစ္စတွေရှိမနေဘူးဆိုရင် ကျောင်းတစ်ကျောင်းဟာ စီးပွားရေးလောကထဲမှာ ဘယ်လိုရှင်သန်မလဲ' ဟု သူက ဆက် ပြောခဲ့ပါတယ်။ နာမည်ကြီး ကျောင်းကောင်းဆိုတာက Tuck School of Business လို၊ Harvard နဲ့ Stanford လို ကျောင်း တွေကို ဆိုလိုတာဖြစ်ပါတယ်။ ဒါကြောင့်မို့ Tuck က သင်တန်း အတွက် စာအုပ်စာတမ်းတွေကို အပြည့်အဝ ကမ်းလှမ်း မထားပါဘူး။

လူသိနည်းသေးတဲ့ ကျောင်းတွေအတွက်ကျတော့ သူတို့ကျောင်းရဲ့ဆောင်ရွက်မှုကို တင်ပြနိုင်ဖို့ internet ကအသုံးပြုတာကတွက်ခြေကိုက်ပြီး လွယ်ကူစွာ အသုံးပြုလို့ရပါတယ်။ ဘယ်ကျောင်းပဲဖြစ်ဖြစ် internet မှာ ကျောင်းရဲ့ အချက်အလက်တွေတင်ပြီး ကျောင်းဂုဏ်သတင်းကို ဆောင်နိုင်ပါတယ်။ Online မှာ ကောင်းတာတစ်ခုက ကျောင်းနာမည်နဲ့အဆင့် ထက် စာအုပ်စာတမ်းရဲ့ အရည်အသွေးက ပိုပြီး အဓိကကျတာပါပဲ။

ဒါပေမဲ့ နာမည်ထွက်ပြီးသားကျောင်းတွေက ပိုပြီး တစ်ပန်းသာပါတယ်။ ၂၀၀၉ ခုနှစ် ဒီဇင်ဘာလမှာ Open Yale Courses ကဝင်ရောက်ကြည့်ရှုမှု ၃၃ ရာခိုင်နှုန်းရှိပြီး၊ MIT က ဝင်ရောက်ကြည့်ရှုမှု ၂၆ ရာခိုင်နှုန်း ရှိပါတယ်။ ဒါက Utah State University website မှာ ဝင်ရောက် ကြည့်ရှုမှုထက် ၁၅ ရာခိုင်နှုန်း ပိုများနေတာ အမှန်ပဲဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် စာအုပ်စာတမ်းတွေ လွတ်လပ်စွာ ဝေမျှပေးတာကြောင့် အကျိုးကျေးဇူးအနေနဲ့ တက္ကသိုလ်ကျောင်းတွေ ပိုမိုတိုးလာရေးအတွက် အထောက်အကူပြုနိုင်ပါတယ်။

လူကြိုက်များတဲ့ ပါမောက္ခတွေနဲ့ သူတို့ရဲ့ သင်ကြားရေးနည်းလမ်းတွေကို ဒီလိုမျိုးကမ္ဘာကြီးတစ်ခုလုံးရဲ့ ရှေ့ကိုချပြတာက လူငယ်တွေအတွက် လေ့လာစရာ စံနှုန်းအသစ်တစ်ခု ရရှိနိုင်တယ်လို့ Hewlett Foundation က ဒါရိုက်တာဟောင်း တစ်ဦးက ပြောပါတယ်။

'ဒါကို လွတ်လပ်စွာ သုံးစွဲနိုင်တဲ့ ပညာရေးအရင်းအမြစ်တွေဆီက ထွက်လာတဲ့ စွမ်းအားတစ်ခုလို့ ကျွန်မ မြင်ပါတယ်' ဆိုပြီး အဲဒီဒါရိုက်တာဟောင်း အမျိုးသမီးက ထပ်မံပြောကြားခဲ့ပါတယ်။ ■

စောလျ